www.kelasa.org

# သီလမြင့်သူနဲ့ အဓမ္မအမိန့်



ဆရာတော် အရှင်မြတ်ဘုရား၊

မကြာမီက အွန်လိုင်းကနေ ဖတ်လိုက်ရတဲ့ ဆောင်းပါးတစ်ပုဒ်မှာ မြတ်စွာဘုရားက 'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ = ရဟန်းတော်တွေဟာ ဘုရင်မင်းအုပ်ချုပ်သူတို့ရဲ့ အမိန့်ကို နာခံရမည်' ဟောတော်မူလို့ အာဏာရှိတဲ့ လူတွေကို ဆန့်ကျင်ဖက် မလုပ်ကောင်းဘူးဆိုတဲ့ သဘောမျိုး ရေးထားပါသည်။ အဲဒီ ရေးသားချက်နှင့် ပတ်သက်ပြီး စိတ်ထဲမှာ မကျေမလည် ဖြစ်နေပါသည် အရှင်ဘုရား။ ဗုဒ္ဓဘုရားရှင်က အမှန်တကယ် အဲဒီလို ဟောတော်မူခဲ့သလော ဆိုသည်ကို သိလိုပါသည် အရှင်ဘုရား။

မြတ်ထန် (စက်ာပူ)

------------------------

## သမိုင်းနောက်ခံ

မြတ်ဗုဒ္ဓ လက်ထက်က မဂဓတိုင်းရှင် ဗုဒ္ဓဝါဒီ ဘုရင် ဗိမ္ဗိသာရဟာ ရဟန်းတွေ ဝါဆိုမဲ့ရက်ကို နောက်ဆုတ်လိုတဲ့ အတွက် 'အရှင်မြတ်တို့ ရှေ့လကျမှ ဝါဆိုရင် ဖြစ်နိုင်ပါသလား'လို့ သံဃာတွေထံ သတင်းစကား ပါးလိုက်တယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ မြတ်ဗုဒ္ဓကို မေးလျှောက်တဲ့အခါ 'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ = ရဟန်းတို့၊ မင်းတို့၏ အလိုသို့ လိုက်စိမ့်သောငှာ ငါဘုရား ခွင့်ပြု၏'လို့ မိန့်တော်မူပါတယ် (ဝိ ၃၊ ၁၉၃)။ ဗိမ္ဗိသာရမင်းက ဝါဆိုလမှာ ဝါမဆိုသေးဘဲ ဝါခေါင်လကျမှ ဝါဆိုဖို့ သံဃာတော်တွေကို လျှောက်ထားတာကို ဗုဒ္ဓက အဲဒီလို ဖြေကြားတော်မူတာ ဖြစ်ပါတယ်။

အဲဒီ စာပိုဒ်ကို အဋ္ဌကထာမှာ **'မင်းအလိုသို့ လိုက်စိမ့်သောငှာ ခွင့်ပြု၏'** ဟူသည် နောက်သို့ (တစ်လ) ဆုတ်ပြီး ဝါဆိုရာ၌ ရဟန်းတော်များမှာ မည်သည့် အကျိုး ဆုတ်ယုတ်မှုမှ မရှိနိုင်သောကြောင့် မင်းအလိုသို့ လိုက်ရန် ခွင့်ပြုခြင်း ဖြစ်၏။ သို့ဖြစ်၍ ဓမ္မနှင့်ညီသော ကိစ္စများ၌ မင်းအလိုသို့ လိုက်ရမည်။ အဓမ္မကိစ္စမျိုး ဖြစ်လျှင်ကား (ဘုရင် မင်းအဝါအဝင်) မည်သူ့အလိုသို့မျှ မလိုက်ရ (အဓမ္မိကေ ပန န ကာသဗ် အနုဝတ္တိတဗ္ဗံ (ဝိ–ဋ္ဌ ၃၊ ၁၅၀)'လို့ အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။

လိုရင်းကတော့ အဓမ္မမှု ဖြစ်နေရင် ဘုရင်က ဘာအမိန့်ပဲ ထုတ်ထုတ် လိုက်နာစရာ မလိုဘူးတဲ့။

## ရာဟုလာရဲ့ အယူအဆ

*History of Buddhism in Ceylon* ကျမ်း (p. 66) မှာ သီဟိုဠ် ဆရာတော် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာက 'ဗုဒ္ဓရှင်တော်မြတ်ဟာ စကြဝတေး မင်းမှာလဲ ဗုဒ္ဓလိုပဲ လက္ခဏာ ၃၂ ပါး ရှိတယ်၊ ဗုဒ္ဓကိုရော စကြဝတေး မင်းကိုပါ စေတီ တည်ထိုက်တယ်လို့ ဟောတော်မူတယ်။ ဒီလို ယူဆလို့ပဲ ရဟန်းတွေဟာ ဘုရင်မင်းတို့ရဲ့ ညွှန်ကြားချက်ကို လိုက်နာရမယ် လို့ ဗုဒ္ဓအနေနဲ့ သာမန် ဘုရင်မင်းတွေကိုတောင် များစွာ အရေးပေးထားတာ တွေ့ရတယ်' လို့ ဆိုပါတယ်။

ဝါလ်ပိုလာ ရာဟုလာအနေနဲ့ သူ့ကျမ်းထဲမှာ အဋ္ဌကထာကျမ်းတွေရဲ့ အဆိုအမိန့်တွေကို များစွာ ကိုးကားတဲ့ အတွက် ဒီနေရာမှာလဲ အဋ္ဌကထာ ကျမ်းရင်း ဖွင့်ဆိုချက်ကို အသေအသချာ လေ့လာပြီး ဒီထက်ပိုမို ပြည့်စုံအောင် ရှင်းပြပေးသင့်တယ်လို့ ဘုန်းကြီး ထင်ပါတယ်။

## ထုတ်ဖော် ရှင်းပြခွင့်

'ဘိက္ခုတို့၊ သူတစ်ပါးတို့က ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကို ကဲ့ရဲ့စကား ဆိုလာလျှင် နှလုံးမသာမယာ မဖြစ်ကြနှင့်။ ၎င်းတို့၏ ကဲ့ရဲ့ပြစ်တင်မှု မမှန်ကန်ပုံကို ကြောင်းကျိုးပြ၍ ဖြေရှင်းကြရမည်။ ချီးမွမ်းစကား ဆိုလာသည်ကိုလည်း တက်ကြွ ဝမ်းသာခြင်း မဖြစ်သင့်။ သင်တို့ ပြောသည့် ဂုဏ်ပုဒ်တွေ ဤအကြောင်းကြောင့် ငါတို့မှာ ရှိ၏ဟု ခိုင်လုံစွာ ရှင်းပြရ မည် (ဒီ ၁၊ ၃)' လို့ ဗုဒ္ဓ ဟောတော်မူပါတယ်။



www.kelasa.org

www.kelasa.org

ဒါကြောင့် ဗုဒ္ဓဝါဒဟာ မမှန်တာကို မမှန်တဲ့အတိုင်း ပြောဆို ဖြေရှင်းဖို့ ညွှန်ကြားပါတယ်။ ရေငုံနှုတ်ပိတ် နေပြီး အားလုံးကို အရှုံးပေးတဲ့ဝါဒမျိုး မဟုတ်ပါဘူး။ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းအဓိပ္ပာယ်ဖြစ်လို့ အဓမ္မမှန်း သိလျက်နဲ့ ငြိမ်နေရင် ကိုယ်လည်း အဓမ္မကို သဘောတူတဲ့ အဓိပ္ပာယ် ဖြစ်သွားနိုင်ပါတယ်။

## ပြိုင်လာတိုင်း အရှုံးမပေး

ဗုဒ္ဓလောင်းလျာ ခန္တိဝါဒီရသေ့ဟာ ကိုယ်လက် အင်္ဂါတွေကို ဖြတ်နေတဲ့ ဘုရင်ကို ဘာမှ ပြန်မလုပ်ဘဲ သည်းခံတယ် ဆိုတာကို သာမန် စဉ်းစားကြည့်ရင် အရှုံးပေးတယ်လို့ ထင်စရာပဲ။ အမှန်တော့ သည်းခံခြင်းဟာ အမှန်တရားဖြစ်တယ် ဆိုတဲ့ မိမိရဲ့ ဝါဒကို အဲဒီလောက် သတ္တိရှိစွာ ယုံကြည်ထားခြင်းသာ ဖြစ်ပါတယ်။ အဲဒီလို မင်းမိုက်မျိုးကို တရားဟောလို့လည်း မရနိုင်ပါဘူး။ ကြိုးကြာငှက် သေမှာစိုးလို့ မိမိရဲ့ အသားကို အနာခံတဲ့ ရဟန်းကိုလည်း ဒီအတိုင်းပဲ နားလည်သင့်ပါတယ်။ ဒီအတွေးအမြင်ကို အခြေခံပြီး 'ပြိုင်လာလျှင် အရှုံးပေး နှလုံးအေးတဲ့ဆေး'ဆိုတဲ့ မြန်မာပညာရှိတို့ရဲ့ အဆုံးအမကိုလည်း အဆုံးစွန် မဟုတ်ဘဲ ဒုတိယဒီဂရီနဲ့ နားလည်ရင် သင့်မြတ်ပါတယ်။ ဘာကြောင့်ဆို 'ခွေးကြီးပဲ၊ နွားကြီးပဲ'လို့ ဆိုလာသူတွေကို ကိုယ်က အဲဒီလို ပြန်ပြီး တုံ့ပြန်ရင် ကိုယ်လည်း သူလိုလူ ဖြစ်သွားတဲ့အတွက် ကိုယ့်တန်းဖိုး လျော့သွားနိုင်လို့ပါ။

## ငွေယ်ရှင်ရဲ့ သီလဂုဏ်ရည်

ပုဂံ နရပတိစည်သူ မင်းဟာ တူးရွှင်းတောင်က အပြန် တစ်နေရာကို ရောက်တော့ ချောက်ထဲမှာ ပတ္တမြား အရောင်တောက်နေတာကို မြင်သတဲ့။ အဲဒါကို အဓိပ္ပာယ် တစ်မျိုး ကောက်ယူရာကနေ အဲဒီ နေရာမှာ ဘုရားတစ်ဆူ (ယနေ့ခေတ် စူဠာမဏိဘုရား) တည်မယ်ဆိုပြီး တိုင်းသူ ပြည်သားတွေကို အဲဒီ ချောက်ကို မြေဖို့ခိုင်းပါသတဲ့။ ရဟန်းသံဃာကိုလဲ အလှူပေးဖို့ ပင့်ဖိတ်ပါသတဲ့။

အဲဒီတော့ သီလသမာဓိနဲ့ အင်မတန် ပြည့်စုံတဲ့ ပံ့သကူဆောင် ငွေယ်ရှင်အမည်နဲ့ (ငွေယ်ငယ် အမည်ရှိသူရဲ့ ကိုယ်က အဝတ်ကို ပံ့သကူ ကောက်ယူပြီး အသုံးပြုလို့ အဲဒီ အမည်တွင်) ရဟန္တာလို့ ကျော်ကြားတဲ့ အရှင်သီလဗုဒ္ဓိ မထေရ်က 'မင်းကြီး ပြုသောအမှုသည် ကောင်းမှု မဖြစ်၊ မကောင်းမှုသာ ဖြစ်၏၊ မင်းကြီး လှူသော ဆွမ်းကိုလည်း ငါမခံ'လို့ မိန့်တယ်။ မင်းကြီးက 'ပြည်သူတို့ လှူသော ဆွမ်းလည်း ငါ့ဆွမ်းပင် မဟုတ်လော'တဲ့။

ဒါနဲ့ ရဟန္တာ ငွေယ်ရှင်ဟာ နရပတိရဲ့ တိုင်းပြည်(ပုဂံ)မှာ မနေတော့ဘူးလို့ ဆုံးဖြတ်ပြီး သီဟိုဠ်ကို ထွက်ဖို့ ပြင်ဆင်တယ်။ ဒါပေမဲ့ နောက်တော့ အနန္တပစ္စည်း ဆိုတဲ့အမတ်ရဲ့ လိမ်မာစွာ ဆောင်ရွက်မှုကြောင့် မင်းကြီးက တောင်းပန်လို့ ဆရာနဲ့ ဒကာ ပြန်ပြီး အဆင်ပြေ သွားကြပါတယ် (တွင်းသင်း ၁၊ ၁၂၈။ မှန်နန်း ၁၊ ၃၂၄)။

## အကြောင်းရင်း

ရာဇဝင်ကျမ်းတွေမှာ ဘာကြောင့် အရှင်မြတ်က အဲဒီလို ပြောရတယ်ဆိုတာ အတိအကျ မဖော်ပြဘူး။ ဒါပေမဲ့ အရှင်မြတ်အနေနဲ့ ပြည်သူတွေ မလိုအပ်ဘဲနဲ့ ချောက်ကို မြေဖို့ပြီး ပင်ပန်းကြရတာ၊ သူကြီးဘုရား ရှာသားကောင်းမှု လုပ်တာတွေကို မတရားဘူးလို့ ယူဆလို့ တစ်နည်း အဓမ္မအနေနဲ့ မြင်လို့ ဖြစ်နိုင်တယ်လို့ ဘုန်းကြီး ယူဆပါတယ်။ ပြီးတော့ မြင်းခံ ပြေည့်၊ နောင်တော် မင်းယဉ်နရသိင်္ခ၊ အောင်စွာငယ် နဲ့ အနန္တသူရိယ အမတ်တို့ကို မဆင်မခြင် ကွပ်မျက်ပစ်တာတွေကလဲ ပြည်သူအကြား ကြိမ်မီးအုံး ဖြစ်နေမှာပဲ။ ပြည်သူ့ ခံစားချက်တွေဟာ ပြည်သူနဲ့ ထိတွေ့နေရတဲ့ အရှင်မြတ်ရဲ့ နှလုံးသားကိုလဲ ရိုက်ခတ်နိုင်တာပဲ။

သက်ဦးဆံပိုင်ခေတ်မှာ အဲဒါလောက် လက်ရဲ ဇက်ရဲရှိလှတဲ့ နရပတိစည်သူလို မင်းကို အဲလို ပြောင်ပြောပြီး သပိတ်မှောက်ရဲတဲ့ အရှင်မြတ်ရဲ့ သတ္တိကတော့ တကယ့်ကို ပြောင်မြောက်လွန်းလို့ ရာဇဝင်မှာ စာတင်ခံရတာ ဖြစ်ပါတယ်။ အရှင်မြတ်အနေနဲ့ မိမိ စောင့်ထိန်းထားတဲ့ သီလသိက္ခာ၊ ပွားများထားတဲ့ သမာဓိနဲ့ ပညာကို လုံးဝ ဥဿုံ ယုံကြည်လို့ပဲ ဖြစ်ပါလိမ့်မယ်။ ❐



www.kelasa.org